**“အတူတကွ”**

ကျွန်ုပ်တို့ မြို့သည် ၁၉၈၅ခုနှစ်တွင် ဓာတ်ပုံမြို့တော်အဖြစ်ကြေညာခဲ့ပါသည်။

ကျွန်ုပ်တို့သည် လူသား၊သဘာဝ၊ယဉ်ကျေးမှုများနှင့်ကြုံကြိုက်တွေ့ဆုံမှုများကိုအလေးထားကာ
ဓာတ်ပုံနှင့်ပိုမိုကောင်းမွန်သောမြို့တည်ဆောက်ခြင်းကိုစံပြထားလျက်ရှိပြီး အနှစ်၃၀ကြာ
ဓာတ်ပုံယဉ်ကျေးမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါသည်။ထို့ကြောင့်
ကမ္ဘာတလွှမ်းမှလူများ၊ဓာတ်ပုံများနှင့်ပတ်သက်ခြင်းများမှ အပြုံးမျက်နှာနှင့်ဖုံးလွှမ်းနေသော
“ဓာတ်ပုံယဉ်ကျေးမှုမြို့တော်” အဖြစ် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။

ယခုလိုလှပပြီးပြည့်စုံသောဟိဂါရှိခါဝါမြို့မှာ ကျွန်ုပ်တို့နေထိုင်နိုင်ခြင်းသည်
ရှေးလူကြီးများကအစ ကမ္ဘာတလွှမ်းရှိလူပေါင်းများစွာမှမေတ္တာတရားများကိုသွန်းလောင်း၍
ဤမြေကို တန်ဖိုးထားပြုစုပျိုးထောင်ပေးခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

ခေတ်အဆက်ဆက်တွင် ဂျပန်နိုင်ငံသည် စစ်မြေပြင်ဖြစ်ခဲ့သည်။
လူအချင်းချင်းရိုင်းပင်းကူညီ၍ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရန်ဟူသောရည်ရွယ်ချက်ဖြင့် “REIWA”ဟု
အမည်ပေးထားသည့်အတိုင်း ယခုခေတ်သည် ငြိမ်းချမ်းသာယာဝပြောသောခေတ်ဖြစ်စေရန်
အစဉ်ဆုတောင်းလျက်ရှိပါသည်။

လက်ရှိကမ္ဘာသည် သဘာဝဘေးအန္တရာယ်၊အကြမ်းဖက်မှု၊ဆင်းရဲငတ်ပြတ်မှုများစသည့်
ပြဿနာပေါင်းများစွာကို လက်ဝယ်ပိုက်ထားရပါသည်။
နိုင်ငံသား၊လူမျိုးချင်းမတူညီသော်လည်း အချင်းချင်းအပြန်အလှန်နားလည်ပြီး
တန်းတူညီမျှသောလူ့ဘောင်အဖွဲ့အစည်းအဖြစ်တည်တန့်ခိုင်မြဲစေရန် ကျွန်ုပ်တို့သည်

ယဉ်ကျေးမှုကိုအပြန်အလှန်နားလည်ပြီးလက်ခံမည့်  “အတူတကွရှင်သန်သောလူ့အဖွဲ့အစည်း”
လူ့အခွင့်အရေးကိုအပြန်အလှန်လေးစားအသိအမှတ်ပြုမည့် “အတူတကွကူညီနားလည်သောလူ့အဖွဲ့အစည်း”
နေထိုင်မှုဘဝကိုအပြန်အလှန်တိုးတက်ကြီးပွားမည့် “အတူတကွကြွယ်ဝပြည့်စုံသောလူ့အဖွဲ့အစည်း”
ဟူသည့် ရပ်တည်ချက်များကိုလက်တွေ့အကောင်အထည်ဖော်သွားနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။

၂၀၂၀ခုနှစ်မှစ၍ ဓာတ်ပုံယဉ်ကျေးမှုကိုကမ္ဘာသို့ ဖြန့်ဝေသည့် “ဓာတ်ပုံယဉ်ကျေးမှုမြို့တော်”မှ
“အတူတကွ ရှင်သန်၊လက်ခံ၊ကြီးပွားတိုးတက်သောမြို့တည်ဆောက်ခြင်း” သို့ ပြောင်းလဲသတ်မှတ်လိုက်ပါကြောင်း
ကြေညာအပ်ပါသည်။

၁၀ရက်၊ဒီဇင်ဘာလ ၂၀၂၀ခုနှစ်
ဓာတ်ပုံယဉ်ကျေးမှုမြို့တော်၊ဓာတ်ပုံမြို့ ဟိဂါရှိခါဝါ